ဓမ္မခန္ဓာ (၅၇) သံထည်ဝတ္ထု (အလ် ဟဒီးဒ်)

ဥဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၄)၊ သုတ်ဒေသနာ (၂၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

| | |
|---|---|
| ၁။ | سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ۞<br>မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာအား ဦးထိပ်ထားနေရ၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂။ | لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يُحْيِي وَيُمِيتُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞<br>မိုးများနှင့် မြေကမ္ဘာရှိ ဩဇာအာဏာနှင့် နိစ္စ အနိစ္စတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။ |
| ၃။ | هُوَ الْأَوَّلُ وَالْآخِرُ وَالظَّاهِرُ وَالْبَاطِنُ وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ۞<br>အရှင်သည် ပထမနှင့် အန္တိမ၊ ဗဟိဒ္ဓနှင့် အစ္ဈတ္တ ဖြစ်တော်မူ၏။ အရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊ |
| ၄။<br>☆၂း၂၉<br>★၁၁း၃<br>၁၃း၂ | هُوَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ يَعْلَمُ مَا يَلِجُ فِي الْأَرْضِ وَمَا يَخْرُجُ مِنْهَا وَمَا يَنزِلُ مِنَ السَّمَاء وَمَا يَعْرُجُ فِيهَا وَهُوَ مَعَكُمْ أَيْنَ مَا كُنتُمْ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ۞<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလခြောက်ခုတွင်း ဖြစ်တည်စေသော အရှင်ဖြစ်၏။ တဖန်☆ ထပ်ဆင့်ကွပ်ကဲမှုကို ပုံစံကျစေ၍၊★မြေကမ္ဘာသို့ တိုးဝင်သွားရာ ထိုမှထွက်သွားရာ၊ ကောင်းကင်မှ သက်သောအရာ ထိုသို့ တက်သော အရာများကို သိနေတော်မူ၏။ မည်သည့်နေရာ၌ သင်တို့ ရှိစေ အရှင်သည် သင်တို့နှင့်အတူ ဖြစ်တော်မူ၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။ |
| ၅။ | لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَإِلَى اللَّهِ تُرْجَعُ الأمُورُ۞<br>မိုးများနှင့် မြေကမ္ဘာရှိ ဩဇာအာဏာနှင့် နိစ္စ အနိစ္စတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရေးအရာတိုင်းသည် ပရမတ်ဘုရားရှင်၏ထံသို့သာ ဦးလှည့်ပြန်ရမည်သာတည်း။ |
| ၆။ | يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَهُوَ عَلِيمٌ بِذَاتِ الصُّدُورِ۞<br>အရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေ၍၊ နေ့ကို ညထဲသို့ တိုးဝင်စေ၏။ အရှင်သည်ကား ရင်တွင်း ခံစားချက်များအားဖြင့် သိနေသော အရှင် ဖြစ်၏၊ |
| ၇။ | آمِنُوا بِاللَّهِ وَرَسُولِهِ وَأَنفِقُوا مِمَّا جَعَلَكُم مُّسْتَخْلَفِينَ فِيهِ فَالَّذِينَ آمَنُوا مِنكُمْ وَأَنفَقُوا لَهُمْ أَجْرٌ كَبِيرٌ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဏ်စဉ်တော်ဆောင်အား ယုံကြည်ကြလော့၊ သင်တို့အား ကိုယ်စားလှယ်လွှဲ စီစဉ်ပေးထားရာတို့မှ ထည့်ဝင်သုံးစွဲကြလော့။ သင်တို့အနက် ယုံကြည်၍ ထည့်ဝင်သုံးစွဲသော သူတို့ အတွက် ကြီးမားသော အကျိုးဆုလဒ်သည် ရှိ၏။ |

| | |
|---|---|
| ၈။ | وَمَا لَكُمْ لَا تُؤْمِنُونَ بِاللَّهِ وَالرَّسُولُ يَدْعُوكُمْ لِتُؤْمِنُوا بِرَبِّكُمْ وَقَدْ أَخَذَ مِيثَاقَكُمْ إِن كُنتُم مُّؤْمِنِينَ۞<br>ပရမတ်ဘုရားရှင်အား မယုံကြည်နိုင်လောက်အောင် သင်တို့အား အဘယ်အရာက ဖြစ်စေသနည်း၊ ဥဂ္ဂဏ်စဉ်တော်ဆောင်သည် ကံကြမ္မာရှင်အား ယုံကြည်ရန် သင်တို့အား ဖိတ်ခေါ်လျက် ရှိ၏။ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် သင်တို့၏ ပဋိဉာဉ်ကို အရှင်က အတည်ယူတော်မူ၏။ |
| ၉။ | هُوَ الَّذِي يُنَزِّلُ عَلَى عَبْدِهِ آيَاتٍ بَيِّنَاتٍ لِيُخْرِجَكُم مِّنَ الظُّلُمَاتِ إِلَى النُّورِ وَإِنَّ اللَّهَ بِكُمْ لَرَؤُوفٌ رَّحِيمٌ۞<br>သင်တို့အား အမိုက်မှောင်မှ အလင်းရောင်ဆီသို့ ထုတ်ယူဘို့ရာ အရှင်သည် အရှင်၏ အမှုတော်ဆောင်ထံသို့ ရှင်းလင်းသော သုတ်ဒေသနာများကို ချမှတ်ပေးသော အရှင် ဖြစ်တော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့အား ညှာတာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၀။ | وَمَا لَكُمْ أَلَّا تُنفِقُوا فِي سَبِيلِ اللَّهِ وَلِلَّهِ مِيرَاثُ السَّمَاوَاتِ وَالْأَرْضِ لَا يَسْتَوِي مِنكُم مَّنْ أَنفَقَ مِن قَبْلِ الْفَتْحِ وَقَاتَلَ أُوْلَئِكَ أَعْظَمُ دَرَجَةً مِّنَ الَّذِينَ أَنفَقُوا مِن بَعْدُ وَقَاتَلُوا وَكُلًّا وَعَدَ اللَّهُ الْحُسْنَى وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ۞<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မသုံးစွဲကြရန် သင်တို့အား အဘယ်အရာက ဖြစ်စေသနည်း၊ မိုးများနှင့် မြေကမ္ဘာရှိ အမွေများသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ သင်တို့အနက် ထွက်ပေါက်မရမှီအလျှင် သုံးစွဲ၍ ခုခံတိုက်သူသည် အချိန်လွန်မှ သုံးစွဲ၍ ခုခံတိုက်သော သူတို့နှင့် အဆင့်မတူ အခွင့်အလမ်းကြီးရှိ၏။ ပရမတ်ဘုရားရှင်သည် ကား အားလုံးအတွက် တင့်တင့်တယ်တယ် ကတိတော်ထား၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံ သမျှကို သတင်းသိနေတော်မူ၏။ |
| ၁၁။ | مَن ذَا الَّذِي يُقْرِضُ اللَّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ وَلَهُ أَجْرٌ كَرِيمٌ۞<br>ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်သောသူသည် အရှင့်ထံမှ သူ့အတွက် နှစ်ဆတိုးစေလတ္တံ့။ သူ့အတွက် ကျက်သရေရှိသော အကျိုးဆုလဒ်သည် ရှိနေ၏။[၁၀၄၂] |
| ၁၂။ | يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَى نُورُهُم بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِم بُشْرَاكُمُ الْيَوْمَ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞<br>ယုံကြည်သူ ယုံကြည်သူမတို့၏ လက်ရှိ–မျက်မှောက်မှ၊ သူတို့၏ လက်ယာဘက်များမှ လုံးပန်းမှု လင်းဝင်းလာသည်ကို သင် မြင်ရသော နေ့ကာလ၌– ထိုနေ့ကာလ၌ သင်တို့အတွက် သတင်းကောင်း ရှိလတ္တံ့။ အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းလျက်ရှိသော ဥယျာဉ်များ၊ ထို၌ ကာလမဲ့ စံစားရလတ္တံ့။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။ |
| ၁၃။<br>★<br>၃း၁၆၇ | يَوْمَ يَقُولُ الْمُنَافِقُونَ وَالْمُنَافِقَاتُ لِلَّذِينَ آمَنُوا انظُرُونَا نَقْتَبِسْ مِن نُّورِكُمْ قِيلَ ارْجِعُوا وَرَاءكُمْ فَالْتَمِسُوا نُورًا فَضُرِبَ بَيْنَهُم بِسُورٍ لَّهُ بَابٌ بَاطِنُهُ فِيهِ الرَّحْمَةُ وَظَاهِرُهُ مِن قِبَلِهِ الْعَذَابُ۞<br>ထိုနေ့ကာလ၌ သီလကြောင်၊ သီလကြောင်မများက★ ယုံကြည်သော သူတို့အား "ကျွန်ုပ်တို့အား ကြည့်ရှုပါ။ သင်တို့၏ အလင်းရောင်မှ မီးတောက်ကို မျှဝေပေးပါ၊"ဟု ဆိုကြသော် "နောက်သို့ ပြန်လှည့်ကြ၍ အလင်းရောင်ကို ထိတွေ့ကြလော့၊"ဟု ဆို၏၊ သူတို့၏ ကြား၌ တံခါးရှိသော စည်းဖြင့် ကွယ်ပစ်လိုက်၏။ ၎င်း၏ အတွင်း၌ ကရုဏာရှိနေ၏။ ထိုမတိုင်မှီ အပြင်ပန်း၌ ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ |
| ၁၄။ | يُنَادُونَهُمْ أَلَمْ نَكُن مَّعَكُمْ قَالُوا بَلَى وَلَكِنَّكُمْ فَتَنتُمْ أَنفُسَكُمْ وَتَرَبَّصْتُمْ وَارْتَبْتُمْ وَغَرَّتْكُمُ الْأَمَانِيُّ حَتَّى جَاء |

---

(၁၀၄၂) ဤသုတ်တော်မှ ပြောသော ဆက်ကပ်ခြင်းဆိုသည်မှာ–ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ လောကခပ်သိမ်း ငြိမ်းချမ်းမှု နိယာမအား အကောင်းအထည်ဖေါ်သော အခါတွင် စိတ်စေတနာအလျောက် လှူဒါန်းထည့်ဝင်သော ငွေကြေးဥစ္စာများကို ဆိုလိုပေသည်။

| | |
|---|---|
| | **أَمْرُ اللَّهِ وَغَرَّكُم بِاللَّهِ الْغَرُورُ۞**<br>၎င်းတို့က သူတို့အား “ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ ဖြစ်ခဲ့သည် မဟုတ်လော၊”ဟု အော်ပြောကြသော်-ပြန်ပြောမည်မှာ “အမှန်ပင်။ သို့သော် သင်တို့သည် သင်တို့၏ စရိုက်များကို သွေးတိုးစမ်းခဲ့၏၊ စောင့်ကြည့်နေခဲ့၏၊ သံသယပွားခဲ့၏၊ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်များ ရောက်လာသည့်တိုင် သင်တို့၏ ဆန္ဒရမက်များက သင်တို့ကို မြှူဆွယ်ထား၏။ မြှူဆွယ်သူများက ပရမတ်ဘုရားရှင်နှင့်ကင်းရန် မြှူဆွယ်ထားလေ၏။– |
| ၁၅။ | **فَالْيَوْمَ لَا يُؤْخَذُ مِنكُمْ فِدْيَةٌ وَلَا مِنَ الَّذِينَ كَفَرُوا مَأْوَاكُمُ النَّارُ هِيَ مَوْلَاكُمْ وَبِئْسَ الْمَصِيرُ۞**<br>သို့ဖြစ်၍–ယနေ့ကာလတွင် သင်တို့ထံမှ– ဖုံးကွယ်သော သူများထံမှ လျှော်ကြေးကို လက်ခံမယူချေ။ သင်တို့၏ ခိုလှုံရာမှာ အပူမီးဖြစ်၏၊ ယင်းသည် သူတို့၏ မဟာမိတ်၊ အမင်္ဂလာ ခရီးဆုံးပင် ဖြစ်၏။ |
| ၁၆။ | **أَلَمْ يَأْنِ لِلَّذِينَ آمَنُوا أَن تَخْشَعَ قُلُوبُهُمْ لِذِكْرِ اللَّهِ وَمَا نَزَلَ مِنَ الْحَقِّ وَلَا يَكُونُوا كَالَّذِينَ أُوتُوا الْكِتَابَ مِن قَبْلُ فَطَالَ عَلَيْهِمُ الْأَمَدُ فَقَسَتْ قُلُوبُهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ۞**<br>ဤသည် ယုံကြည်သောသူတို့အတွက် ပရမတ်ဘုရားရှင်၏ သတိပေးတရားတော်နှင့် ပရမတ္ထသစ္စာမှ ချမှတ်ပေးရာတို့၌ နှလုံးသားကို ကျိုးငွဲ့ရန် အချိန် မဟုတ်သလော၊ သူတို့သည် ရှေ့အလျှင်က ကျမ်းတော် ပေးခြင်းခံရသော သူများကဲ့သို့ မဖြစ်ထိုက်ချေ။ ကာလ ရှည်ကြာလာသည်နှင့် ၎င်းတို့၏ နှလုံးသားသည် ခက်ထန်လာခဲ့၏၊ သူတို့မှ အများစုကြီးသည် ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၁၇။ | **اعْلَمُوا أَنَّ اللَّهَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا قَدْ بَيَّنَّا لَكُمُ الْآيَاتِ لَعَلَّكُمْ تَعْقِلُونَ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မြေကမ္ဘာအား သေနေစေပြီးနောက် အသက်ရှင်စေခဲ့သည်ကို သိကြကုန်လော့၊ သင်တို့ အတွေးအခေါ်ရှိအံ့ငှာ ငါအရှင်သည် သုတ်ဒေသနာများကို သင်တို့အတွက် ရှင်းလင်းစေခဲ့၏။ |
| ၁၈။ | **إِنَّ الْمُصَّدِّقِينَ وَالْمُصَّدِّقَاتِ وَأَقْرَضُوا اللَّهَ قَرْضًا حَسَنًا يُضَاعَفُ لَهُمْ وَلَهُمْ أَجْرٌ كَرِيمٌ۞**<br>ကေန်ပင်၊ အလှူရှင် အလှူရှင်မတို့၏ ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်မှုသည် သူတို့အတွက် နှစ်ဆတိုးစေလတ္တံ့။ သူတို့အတွက် ကျက်သရေရှိသော အကျိုးဆုလဒ်သည် ရှိနေ၏။ |
| ၁၉။<br><br><br>အာဇာနည်များ | **وَالَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ أُوْلَئِكَ هُمُ الصِّدِّيقُونَ وَالشُّهَدَاء عِندَ رَبِّهِمْ لَهُمْ أَجْرُهُمْ وَنُورُهُمْ وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُوْلَئِكَ أَصْحَابُ الْجَحِيمِ۞**<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဂ္ဂဏ်စဉ်တော်ဆောင်အား ယုံကြည်သောသူ– ထိုသူတို့သည် ကံကြမ္မာရှင်၏ ထံပါး၌ ဖြောင့်မှန်သူများ၊ **သက်သေတည်သူများ** ဖြစ်ကြ၏။ သူတို့အတွက် သူတို့၏ ဆုလဒ်၊ သူတို့၏ အလင်းရောင်သည် ရှိနေ၏။ ဖုံးကွယ်သောသူများ၊ ငါအရှင်၏ သုတ်ဒေသနာများကို ငြင်းဆန်သူများ ထိုသူတို့သည်ကား ငရဲမီး၏ ပေါင်းဖေါ်များ ဖြစ်ကြ၏။ |
| ၂၀။ | **اعْلَمُوا أَنَّمَا الْحَيَاةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَزِينَةٌ وَتَفَاخُرٌ بَيْنَكُمْ وَتَكَاثُرٌ فِي الْأَمْوَالِ وَالْأَوْلَادِ كَمَثَلِ غَيْثٍ أَعْجَبَ الْكُفَّارَ نَبَاتُهُ ثُمَّ يَهِيجُ فَتَرَاهُ مُصْفَرًّا ثُمَّ يَكُونُ حُطَامًا وَفِي الْآخِرَةِ عَذَابٌ شَدِيدٌ وَمَغْفِرَةٌ مِّنَ اللَّهِ** |

| | |
|---|---|
| | وَرِضْوَانٌ وَمَا الْحَيَاةُ الدُّنْيَا إِلَّا مَتَاعُ الْغُرُورِ ۞<br>သိကြလေ့၊ လောကီ သက်တမ်းသည် မြူးထူးပျော်ပါးရာ ဟာသမျှ ဖြစ်၏။ သင်တို့ချင်းကြား ကြွားဝါလျှက် ဥစ္စာပစ္စည်း ရင်သွေး မြောက်များစွာကို စွဲမက်နေကြ၏၊ ဖုံးကွယ်သူတို့[၁၀၄၃] အံ့သြလောက်စေရန် သစ်ပင်ပန်းမာလ် ဖြစ်ထွန်းစေသော မိုးရေ ကဲ့သို့ ဖြစ်၏။ ထို့နောက် ယင်းသည် တစ်စစ ရော်ရွက်ဝါလာသည်ကို သင် မြင်ရ၏၊ ထို့နောက် ၎င်းသည် အမှိုက်စများ ဖြစ်လာခဲ့၏။ နောင်ဘဝတွင်မူ ပြင်းထန်သော ဝဋ်ကြွေး– ပရမတ်ဘုရားရှင်၏ လွှတ်ငြိမ်းခွင့်နှင့် ကျေနပ် နှစ်သက်ခြင်းသည် ရှိနေ၏။ ဤလောကီဘဝသည်ကား မြူဆွယ်ထားသော ဌာနေမျှသာ ဖြစ်၏။ |
| ၂၁။ | سَابِقُوا إِلَى مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ السَّمَاء وَالْأَرْضِ أُعِدَّتْ لِلَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ ذَلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاء وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ ۞<br>ကံကြမ္မာရှင်၏ လွှတ်ငြိမ်းစေခြင်းနှင့် မိုး– မြေ ဘောင်အနံ့မျှ သုခဘုံ ဆီသို့ ဘောင်တွင်းသို့ ကြိုတင်သတ်မှတ်ကြကုန်လေ့။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဏ်စဉ်တော်ဆောင်အား ယုံကြည်သော သူတို့အတွက် တွက်ချက်ပြင်ဆင်ထားပြီ။ ယင်းသည် စံချိန်ပြည့်မှီသူအား ပရမတ်ဘုရားရှင်က သိက္ခာပေးခြင်းပင်။ ပရမတ်ဘုရားရှင်သည်ကား မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။ |
| ၂၂။ | مَا أَصَابَ مِن مُّصِيبَةٍ فِي الْأَرْضِ وَلَا فِي أَنفُسِكُمْ إِلَّا فِي كِتَابٍ مِّن قَبْلِ أَن نَّبْرَأَهَا إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ ۞<br>မြေကမ္ဘာတွင်း၌သာမက သင်တို့၏ ဥဉ်စရိုက်များအတွင်း ထိခိုက်စေသည်များမှ ထိခိုက်မှုများသည် ထိုအရာ မကပ်ငြိမှီအလျှင် ပြဌာန်းမှုနိယာမထဲ၌ ရှိနေ၏။ ယင်းသည် ပရမတ်ဘုရားရှင်အတွက် လွယ်ကူလှချေ၏။ |
| ၂၃။ | لِكَيْلَا تَأْسَوْا عَلَى مَا فَاتَكُمْ وَلَا تَفْرَحُوا بِمَا آتَاكُمْ وَاللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ ۞<br>ယင်းမှာ သင်တို့သည် လက်လွှတ်ရသော အရာအား ဝမ်းနည်းပူဆွေး မဖြစ်စေရန်၊ သင်တို့အား ချီးမြှင့်သော အရာ၌ အူးမြူးမနေကြရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ဂုဏ်ဖော် ကြွားဝါသူတိုင်းအား နှစ်သက်တော်မမူချေ။ |
| ၂၄။ | الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ۞<br>ကပ်စီးနဲသော သူတို့က လူသားတို့အားလည်း ကပ်စီးနဲရန် ညွှန်ကြားကြကုန်၏။ လှည့်သွားသူအတွက်–ကေန်ပင် ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ရည်သည်စူးစိုက်မှုတည်ရာ ဖြစ်၏။ |
| ၂၅။ | لَقَدْ أَرْسَلْنَا رُسُلَنَا بِالْبَيِّنَاتِ وَأَنزَلْنَا مَعَهُمُ الْكِتَابَ وَالْمِيزَانَ لِيَقُومَ النَّاسُ بِالْقِسْطِ وَأَنزَلْنَا الْحَدِيدَ فِيهِ بَأْسٌ شَدِيدٌ وَمَنَافِعُ لِلنَّاسِ وَلِيَعْلَمَ اللَّهُ مَن يَنصُرُهُ وَرُسُلَهُ بِالْغَيْبِ إِنَّ اللَّهَ قَوِيٌّ عَزِيزٌ ۞<br>မုချပင် ငါအရှင်သည် ငါ၏ ဥဏ်စဉ်ဆောင်များကို ရှင်းလင်းချက်များဖြင့် စေစားခဲ့၏။ သူတို့နှင့်အတူ ကျမ်းဂန်များ စံချိန်များကို လူသားတို့အတွက် သမာသမတ်ဖြင့် ရပ်တည်အံ့ငှာ ချမှတ်ပေး၏။ ငါသည် သံဝတ္ထုကို ချမှတ်ပေး၍ ၎င်း၌ ပြင်းထန်သော တိုက်ခိုက်အားရှိစေပြီး လူသားတို့အတွက် အကျိုးရှိစေ၏။ မည်သူသည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဏ်စဉ်တော်ဆောင်အား စက္ခုလွန်၍ ကူညီသည်ကို သိနိုင်အံ့ငှာ ဖြစ်စေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။ |
| ၂၆။ | وَلَقَدْ أَرْسَلْنَا نُوحًا وَإِبْرَاهِيمَ وَجَعَلْنَا فِي ذُرِّيَّتِهِمَا النُّبُوَّةَ وَالْكِتَابَ فَمِنْهُم مُّهْتَدٍ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ۞ |

(၁၀၄၃) ဤသုတ်တော်ပါ ဝေါဟာရ **အာလ်ကုဖ်ဖာရ** ကို ဆရာတော်ကြီး အများစုက လယ်ယာစိုက်ပျိုးသူများ ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံးမှာ **ဖုံးကွယ်သူ** ဟု အနက်ရသော **ကာဖရ်** ဟူသည့် စကားလုံးပင် ဖြစ်၍၊ လယ်သမားများ အနေဖြင့် သစ်စေ့၊ မျိုးစေ့ကို မြေ၌ ဖုံးဖိ စိုက်ပျိုးသောကြောင့် ဆရာတော်ကြီးများ အနေဖြင့် “စိုက်ပျိုးသူ”ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုသို့ ပြန်ဆိုခြင်း အတွက် မှားယွင်းမှု မရှိချေ။

| | |
|---|---|
| | ငါသည် နူးဟ်နှင့် အီဗရာဟီးမ်တို့အား မုချ စေစားခဲ့၍၊ သူတို့၏ သားမြေးအတွင်းမှ သတင်းတော်ဆောင်ဘွဲ့နှင့် ကျမ်းတော်ကို စီစဉ်ပေးတော်မူ၏။ သူတို့မှ လမ်းညွှန်ခံရသူတို့ ရှိ၍၊ သူတို့မှ အများစုသည် ယုတ်မာသူများ ဖြစ်ကြ၏။ |
| ၂၇။<br><br>☆၃း၃ | **ثُمَّ قَفَّيْنَا عَلَى آثَارِهِم بِرُسُلِنَا وَقَفَّيْنَا بِعِيسَى ابْنِ مَرْيَمَ وَآتَيْنَاهُ الْإِنجِيلَ وَجَعَلْنَا فِي قُلُوبِ الَّذِينَ اتَّبَعُوهُ رَأْفَةً وَرَحْمَةً وَرَهْبَانِيَّةً ابْتَدَعُوهَا مَا كَتَبْنَاهَا عَلَيْهِمْ إِلَّا ابْتِغَاء رِضْوَانِ اللَّهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا فَآتَيْنَا الَّذِينَ آمَنُوا مِنْهُمْ أَجْرَهُمْ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ۞**<br>တဖန် ငါ၏ ဉာဏ်စဉ်ဆောင်များကို သူတို့၏ ရိုးရာစဉ်လာအတိုင်း ထပ်ဆင့်ပွင့်ပေါ်စေခဲ့၏။ မာရိ၏သား ယေရှုကိုလည်း ထပ်ဆင့်ပွင့်ပေါ်စေခဲ့၍ သူ့အား ဧဝံဂလိကို☆ ချီးမြှင့်တော်မူ၏။ သူအား လိုက်နာသော သူတို့၏ နှလုံးသား၌ ညှာတာခြင်း ကရုဏာသက်ခြင်းကို စီစဉ်ပေးတော်မူ၏။ ပုပ်ရဟန်းဝါဒသည်သည် သူတို့၏ မူပိုင် ဖြစ်၍၊ ပရမတ်ဘုရားရှင်၏ ကျေနပ်နှစ်သက်ခြင်းအား ရှာဖွေရန်မှအပ–၎င်းကို ငါ ပြဌာန်းတော်မမူချေ။ သို့သော် သူတို့သည် သိုးထိန်းဝန်တာကို မှန်ကန်စွာ ထိန်းကျောင်းခြင်းမရှိချေ။ သူတို့အနက် ယုံကြည်သောသူတို့အား ငါသည် ဆုလဒ် ချီးမြှင့်တော်မူ၏။ သူတို့မှ အများစုသည်ကား ယုတ်မာသူများပင် ဖြစ်ကြ၏။ |
| ၂၈။ | **يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَآمِنُوا بِرَسُولِهِ يُؤْتِكُمْ كِفْلَيْنِ مِن رَّحْمَتِهِ وَيَجْعَل لَّكُمْ نُورًا تَمْشُونَ بِهِ وَيَغْفِرْ لَكُمْ وَاللَّهُ غَفُورٌ رَّحِيمٌ۞**<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား ယုံကြည်ကြလော့၊ အရှင်သည် သင်တို့အား ကရုဏာတော် နှစ်ဆ ထိန်းပေးထားတော်မူလတ္တံ့။ သင်တို့အတွက် လျှောက်လှမ်းနိုင်ရန် အလင်းရောင်နှင့် လွတ်ငြိမ်းခွင့်ကို စီစဉ်ပေးလတ္တံ့။ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၉။ | **لِئَلَّا يَعْلَمَ أَهْلُ الْكِتَابِ أَلَّا يَقْدِرُونَ عَلَى شَيْءٍ مِّن فَضْلِ اللَّهِ وَأَنَّ الْفَضْلَ بِيَدِ اللَّهِ يُؤْتِيهِ مَن يَشَاء وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ۞**<br>ယင်းမှာ ကျမ်းစာဝိုင်းသားတို့သည် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုအား သူတို့သည် တစ်စုံတစ်ရာမျှ စည်းကြပ်နိုင်ခြင်း မရှိ၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုသည် အရှင်၏ လုပ်ပိုင်ခွင့်၌သာ ရှိ၍ အရှင်သည် စံချိန်ပြည့်မှီ သူအား ချီးမြှင့်ကြောင်းကို သိစေရန် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား မဟာ့မဟာသိက္ခာပေးသော အရှင် ဖြစ်၏။ |